| ၂၀၁။ | MMS ISO 1833–7:2017 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ် သုံးသပ်ချက်များ–အပိုင်း (၇) – ပိုလီယာမိုဒ်နှင့် အခြားအမျှင်အရောများ (ဖောမစ်အက်စစ် အသုံးပြုသော နည်းလမ်း) |
| ၂၀၂။ | MMS ISO 1833–8:2006 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ် သုံးသပ်ချက်များ–အပိုင်း (၈)–အက်ဆီတိတ်နှင့် ထရိုင်အက်ဆီတိတ် အမျှင်အရောများ (အက်ဆီတုန်း အသုံးပြုသောနည်းလမ်း) |
| ၂၀၃။ | MMS ISO 1833–9:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ် သုံးသပ်ချက်များ –အပိုင်း (၉) – အက်ဆီတိတ်နှင့် အခြားအမျှင်အရောများ (ဘန်ဇိုင်း အယ်ကိုဟောလ် အသုံးပြုသောနည်းလမ်း) |
| ၂၀၄။ | MMS ISO 1833–10:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ် သုံးသပ်ချက်များ –အပိုင်း (၁၀) – ထရိုင်အက်ဆီတိတ် (သို့) ပိုလီလက်တိုဒ်နှင့် အခြားအမျှင်အရောများ (ဒိုင်ကလိုရိုမီသိန်း အသုံးပြုသောနည်းလမ်း) |
| ၂၀၅။ | MMS ISO 1833–11:2017 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ် သုံးသပ်ချက်များ – အပိုင်း (၁၁) – ဆဲလ်လူးလို့စ်အမျှင်နှင့် အခြားအမျှင်အရောများ (ဆာလ်ဖျူရစ် အက်ဆစ် အသုံးပြုသောနည်းလမ်း) |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၂၀၆။ | MMS ISO 1833-12:2020 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၁၂) – အက်ခရစ်လစ်၊ မိုဒက်ခရစ်လစ်၊ ကလိုရိုအမျှင်၊ အီလပ်စ်တိန်းနှင့် အခြားအမျှင်အရောများ (ဒိုင်မီသိုင်းဖော်မာမိုက် အသုံးပြုသောနည်းလမ်း) |
| ၂၀၇။ | MMS ISO 1833-13:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၁၃) – ကလိုရိုအမျှင်နှင့် အခြားအမျှင်အရောများ (ကာဗွန်ဒိုင်ဆာလ်ဖိုဒ်/အက်ဆီတုန်း အသုံးပြုသောနည်းလမ်း) |
| ၂၀၈။ | MMS ISO 1833-14:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၁၄) – အက်ဆီတိတ်နှင့် အခြားအမျှင်အရောများ (ဂလေဆီယယ်အက်ဆီတစ်အက်စစ် အသုံးပြုသောနည်းလမ်း) |
| ၂၀၉။ | MMS ISO 1833-15:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၁၅) – ဂုန်လျှော်နှင့် တိရစ္ဆာန်အမျှင်အရောများ (နိုက်ထရိုဂျင်ပါဝင်မှုဆုံးဖြတ်ခြင်းနည်းလမ်း) |
| ၂၁၀။ | MMS ISO 1833-16:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၁၆) – ပိုလီပရိုပိုင်လင်းအမျှင်နှင့် အခြားအမျှင်အရောများ (ဇိုင်လင်းအသုံးပြုသောနည်းလမ်း) |
| ၂၁၁။ | MMS ISO 1833-17:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၁၇) – ဆဲလ်လူးလို့စ်အမျှင်၊ ကလိုရိုအမျှင်နှင့် အခြားအမျှင်အရောများ (အပြင်းစား ဆာလ်ဖျူရစ်အက်စစ် အသုံးပြုသောနည်းလမ်း) |
| ၂၁၂။ | MMS ISO 1833-18:2020 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၁၈) – ပိုးမျှင်များနှင့် သိုးမွေး (သို့) အခြားတိရစ္ဆာန်အမွေးအရောများ (ဆာလ်ဖျူရစ်အက်စစ် အသုံးပြုသောနည်းလမ်း) |
| ၂၁၃။ | MMS ISO 1833-19:2006 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ–အပိုင်း (၁၉)–ဆဲလ်လူးလို့စ်အမျှင်နှင့် ကျောက်ဂွမ်းအမျှင်အရောများ (အပူပေးခြင်းနည်းလမ်း) |
| ၂၁၄။ | MMS ISO 1833-20:2018 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ –အပိုင်း (၂၀) –အီလပ်စ်တိန်းနှင့် အခြားအမျှင်အရောများ (ဒိုင်မီသိုင်းအက်ဆီတမိုဒ် အသုံးပြုသောနည်းလမ်း) |
| ၂၁၅။ | MMS ISO 1833-21:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၂၁) – ကလိုရိုအမျှင်၊ မိုဒက်ခရစ်လစ်၊ အီလပ်စ်တိန်း၊ အက်ဆီတိတ်၊ ထရိုင်အက်ဆီတိတ်နှင့် အခြားအမျှင်အရောများ (ဆိုင်ကလိုဟက်ဆီနုန်း အသုံးပြုသောနည်းလမ်း) |
| ၂၁၆။ | MMS ISO 1833-22:2020 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၂၂) – ဗစ်စကို့စ် (သို့) ကူပရိုအမျိုးမျိုး (သို့) မိုဒယ် (သို့) လိုင်ယိုဆဲလ်နှင့် ဖလက်စ်အမျှင်အရောများ (ဖော်မစ်အက်စစ်နှင့် ဇင့်ကလိုရိုဒ် အသုံးပြုသောနည်းလမ်း) |
| ၂၁၇။ | MMS ISO 1833-24:2010 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၂၄) – ပိုလီအက်စတာနှင့် အခြားအမျှင်အရောများ (ဖီနောလ်နှင့် တက်ထရာကလိုရိုအီသိန်း အသုံးပြုသောနည်းလမ်း) |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၂၁၈။ | MMS ISO 1833–25:2020 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၂၅) – ပိုလီအက်စတာနှင့် အခြားအမျှင်အရောများ (ထရိုင်ကလိုရိုအက်ဆီတစ်အက်ဆစ်နှင့် ကလိုရိုဖောင်အသုံးပြုသောနည်းလမ်း) |
| ၂၁၉။ | MMS ISO 1833–26:2020 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၂၆) – မဲလ်မင်းနှင့် ဝါဂွမ်း (သို့) အာရာမိုဒ် အမျှင်အရောများ (ပူသောဖောမစ်အက်ဆစ် အသုံးပြုသောနည်းလမ်း) |
| ၂၂၀။ | MMS ISO 1833–27:2018 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၂၇) – ဆဲလ်လူးလို့စ်အမျှင်နှင့် အခြားအမျှင်အရောများ (အလူမီနီယံဆာလ်ဖိတ် အသုံးပြုသောနည်းလမ်း) |
| ၂၂၁။ | MMS ISO 1833–28:2019 အထည်အလိပ်ပစ္စည်းများ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ – အပိုင်း (၂၈) – ချီတိုစံနှင့် အခြားအမျှင်အရောများ (အားပျော့သော အက်ဆီတစ်အက်ဆစ် အသုံးပြုသောနည်းလမ်း) |
| ၂၂၂။ | MMS ISO 2076:2021 အထည်အလိပ်ပစ္စည်းများ– လူတို့ဖန်တီးပြုလုပ်ထားသောအမျှင်များ– ယေဘုယျအမည်များ |
| ၂၂၃။ | MMS ISO 3175–1:2017 အထည်အလိပ်များ– ပိတ်စများနှင့် ချုပ်ထည်များကို အခြောက်လျှော်ခြင်း၊ အစိုလျှော်ခြင်းနှင့် အထူးအလေးထားခြင်း/စောင့်ရှောက်ခြင်း – အပိုင်း (၁) – ရေလျှော်ခြင်းနှင့် အချောကိုင်လုပ်ငန်းများပြီးနောက် လုပ်ဆောင်မှုများအပေါ် အကဲဖြတ်ခြင်း |
| ၂၂၄။ | MMS ISO 3175–2:2017 အထည်အလိပ်များ– ပိတ်စများနှင့် ချုပ်ထည်များကို အခြောက်လျှော်ခြင်း၊ အစိုလျှော်ခြင်းနှင့် အထူးအလေးထားခြင်း/စောင့်ရှောက်ခြင်း –အပိုင်း (၂)–တက်ထရာကလိုရိုအီသိန်းကိုအသုံးပြု၍ ရေလျှော်ခြင်းနှင့် အချောကိုင်ခြင်း စမ်းသပ်မှုအတွက်နည်းလမ်း |
| ၂၂၅။ | MMS ISO 3175–3:2017 အထည်အလိပ်များ– ပိတ်စများနှင့် ချုပ်ထည်များကို အခြောက်လျှော်ခြင်း၊ အစိုလျှော်ခြင်းနှင့် အထူးအလေးထားခြင်း/စောင့်ရှောက်ခြင်း – အပိုင်း (၃) – ဟိုက်ဒရိုကာဗွန်ဖျော်ရည်ကိုအသုံးပြု၍ ရေလျှော်ခြင်းနှင့် အချောကိုင်ခြင်း စမ်းသပ်မှုအတွက်နည်းလမ်း |
| ၂၂၆။ | MMS ISO 3175–4:2018 အထည်အလိပ်များ– ပိတ်စများနှင့် ချုပ်ထည်များကို အခြောက်လျှော်ခြင်း၊ အစိုလျှော်ခြင်းနှင့် အထူးအလေးထားခြင်း/စောင့်ရှောက်ခြင်း – အပိုင်း (၄) – simulated wetcleaning ကိုအသုံးပြု၍ ရေလျှော်ခြင်းနှင့် အချောကိုင်ခြင်း စမ်းသပ်မှုအတွက်နည်းလမ်း |
| ၂၂၇။ | MMS ISO 3758:2012 အထည်အလိပ်များ– သင်္ကေတများကိုအသုံးပြု၍ အထည်အလိပ်ပစ္စည်းများအတွက် သတိပြုရမည့် အညွှန်းကုဒ်ကပ်ခြင်း |
| ၂၂၈။ | MMS ISO 3759:2011 အထည်အလိပ်များ– ပိတ်စနမူနာများနှင့် ချုပ်ထည်များ၏ အရွယ်အစားပြောင်းလဲခြင်း/ကျုံ့ခြင်း/ရှည်ထွက်ခြင်းကို စမ်းသပ်ဆုံးဖြတ်ရန်အတွက် ပြင်ဆင်ခြင်း၊ အမှတ်အသားပြုခြင်းနှင့် တိုင်းတာခြင်း |
| ၂၂၉။ | MMS ISO 3801:1977 အထည်အလိပ်များ– ယက်ထည်ပိတ်စများ– တစ်ယူနစ်ဧရိယာအတွင်းရှိ ပိတ်စ၏အလျားနှင့် အလေးချိန်ကိုရှာနည်း |
| ၂၃၀။ | MMS ISO 4920:2012 အထည်အလိပ်များ– မျက်နှာပြင်ရေစိုစွတ်မှုခံနိုင်ရည်ကို စမ်းသပ်ဆုံးဖြတ်ခြင်း (spray test) |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၂၃၁။ | MMS ISO 5077:2007 အထည်အလိပ်များ– ရေလျှော်ခြင်းနှင့် အခြောက်လျှော်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြောင်းလဲမှုကိုရှာခြင်း |
| ၂၃၂။ | MMS ISO 5089:1977 အထည်အလိပ်ပစ္စည်းများ– ဓာတုဗေဒနည်းဖြင့် စမ်းသပ်ရန်အတွက် ဓာတ်ခွဲခန်းသုံးနမူနာများ ပြင်ဆင်ခြင်း |
| ၂၃၃။ | MMS ISO 6330:2021 အထည်အလိပ်များ– အထည်အလိပ်ပစ္စည်းများကို အိမ်သုံးရေလျှော်ခြင်း/ အခြောက်လှန်းခြင်းတို့အတွက် စမ်းသပ်မှုနည်းလမ်းများ |
| ၂၃၄။ | MMS ISO 6938:2012 အထည်အလိပ်ပစ္စည်းများ– သဘာဝအမျှင်များ–ယေဘုယျအမည်များနှင့် အဓိပ္ပာယ်များ |
| ၂၃၅။ | MMS ISO 7211–2:1984 အထည်အလိပ်များ– ယက်ထည်ပိတ်စများ တည်ဆောက်ပုံစမ်းသပ်နည်း – အပိုင်း (၂) – တစ်ယူနစ်အလျားရှိ ချည်ပင်အရေအတွက်ရှာနည်း |
| ၂၃၆။ | MMS ISO 7211–4:1984 အထည်အလိပ်များ– ယက်ထည်ပိတ်စများ တည်ဆောက်ပုံစမ်းသပ်နည်း – အပိုင်း (၄) – ပိတ်စမှထုတ်ထားသော ချည်ရှိ အလိမ်ကိုရှာခြင်း |
| ၂၃၇။ | MMS ISO 7211–5:2020 အထည်အလိပ်များ– ယက်ထည်ပိတ်စများ တည်ဆောက်ပုံစမ်းသပ်နည်း – အပိုင်း (၅) – ပိတ်စမှထုတ်ထားသော ချည်၏ ချည်နံပါတ်ကိုရှာခြင်း |
| ၂၃၈။ | MMS ISO 9237:1995 အထည်အလိပ်များ– ပိတ်စများ၏ လေဝင်လေထွက်ကောင်းမှုကို စမ်းသပ် ဆုံးဖြတ်ခြင်း |
| ၂၃၉။ | MMS ISO 12945–1:2020 အထည်အလိပ်များ– ပိတ်စမျက်နှာပြင်တွင် အသီးထမှု၊ အမွေးပွမှု (သို့) ရှုပ်ထွေးမှုဖြစ်နိုင်ခြေကို စမ်းသပ်ဆုံးဖြတ်ခြင်း– အပိုင်း (၁) – Pilling box method |
| ၂၄၀။ | MMS ISO 12945–2:2020 အထည်အလိပ်များ– ပိတ်စမျက်နှာပြင်တွင် အသီးထမှု၊ အမွေးပွမှု (သို့) ရှုပ်ထွေးမှုဖြစ်နိုင်ခြေကို စမ်းသပ်ဆုံးဖြတ်ခြင်း– အပိုင်း (၂) – Modified Martindale method |
| ၂၄၁။ | MMS ISO 12945–3:2020 အထည်အလိပ်များ– ပိတ်စမျက်နှာပြင်တွင် အသီးထမှု၊ အမွေးပွမှု (သို့) ရှုပ်ထွေးမှုဖြစ်နိုင်ခြေကို စမ်းသပ်ဆုံးဖြတ်ခြင်း– အပိုင်း (၃) – Random tumble pilling method |
| ၂၄၂။ | MMS ISO 12947–1:1998 အထည်အလိပ်များ– Martindale method ကိုအသုံးပြု၍ ပိတ်စများ၏ ပွန်းပဲ့မှုခံနိုင်အားကိုရှာခြင်း– အပိုင်း (၁) – Martindale စမ်းသပ်ကိရိယာဖြင့်ရှာခြင်း |
| ၂၄၃။ | MMS ISO 12947–2:2016 အထည်အလိပ်များ– Martindale method ကိုအသုံးပြု၍ ပိတ်စများ၏ ပွန်းပဲ့မှုခံနိုင်အားကိုရှာခြင်း– အပိုင်း (၂) – စမ်းသပ်နမူနာပိတ်စ၏ ကွဲထွက်မှုကိုရှာခြင်း |
| ၂၄၄။ | MMS ISO 13934–1:2013 အထည်အလိပ်များ– ပိတ်စများ၏ ဆွဲဆန့်ခြင်းခံနိုင်ရည် အရည်အသွေးများ– အပိုင်း (၁) – ပိတ်စကို အမြင့်ဆုံးအားဖြင့် ဆွဲဆန့်ရာ၌ ရှည်ထွက်လာမှုအပေါ် ရရှိသောခိုင်အားနှင့် ရှည်ထွက်မှုကို strip method အသုံးပြု၍ရှာခြင်း |
| ၂၄၅။ | MMS ISO 13934–2:2014 အထည်အလိပ်များ– ပိတ်စများ၏ ဆွဲဆန့်ခြင်းခံနိုင်ရည် အရည်အသွေးများ– အပိုင်း (၂) – grab method ကိုအသုံးပြု၍ အမြင့်ဆုံးခိုင်အားကိုရှာခြင်း |
| ၂၄၆။ | MMS ISO 13936–2:2004 အထည်အလိပ်များ– ယက်ထည်ပိတ်စများရှိ ချုပ်ရိုးများတွင် အသုံးပြုထားသော ချည်များ၏ ချော်ထွက်မှုခံနိုင်ရည်ကိုရှာခြင်း– အပိုင်း (၂) – Fixed load method |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၂၄၇။ | MMS ISO 13937–1:2000 အထည်အလိပ်များ– ပိတ်စများ၏ စုတ်ပြဲမှုခံနိုင်ရည်သတ္တိ–အပိုင်း (၁) – ballistic pendulum method (Elmendorf) ကို အသုံးပြု၍ စုတ်ပြဲမှုခံနိုင်ရည်ဝန်အားကိုရှာခြင်း |
| ၂၄၈။ | MMS ISO 13937–2:2000 အထည်အလိပ်များ– ပိတ်စများ၏ စုတ်ပြဲမှုခံနိုင်ရည်သတ္တိ–အပိုင်း (၂) – trouser–shaped test specimens များကို Single tear method အသုံးပြု၍ စုတ်ပြဲမှုခံနိုင်ရည် ဝန်အားကိုရှာခြင်း |
| ၂၄၉။ | MMS ISO 13938–1:2019 အထည်အလိပ်များ– ပိတ်စများ၏ ရေဖိအားထိုးဖောက်မှုခံနိုင်ရည်သတ္တိ– အပိုင်း (၁) –Hydraulic method ကို အသုံးပြု၍ ရေဖိအားထိုးဖောက်မှု ခံနိုင်ရည်ရှိမှုကိုရှာခြင်း |
| ၂၅၀။ | MMS ISO 13938–2:2019 အထည်အလိပ်များ– ပိတ်စများ၏ ရေဖိအားထိုးဖောက်မှုခံနိုင်ရည်သတ္တိ– အပိုင်း (၂) –Pneumatic method ကို အသုံးပြု၍ လေဖိအားထိုးဖောက်မှု ခံနိုင်ရည်ရှိမှုကိုရှာခြင်း |
| ၂၅၁။ | MMS ISO 16322–2:2021 အထည်အလိပ်များ– ပင်မင်းလုပ်ငန်းပြီးနောက် ဖြစ်ပေါ်လာသောပိတ်စ၏ ရွဲ့စောင်းမှုကိုရှာခြင်း–အပိုင်း (၂) – ယက်ထည်နှင့် ထိုးထည်ပိတ်စများ |
| ၂၅၂။ | MMS ISO 16322–3:2021 အထည်အလိပ်များ– ပင်မင်းလုပ်ငန်းပြီးနောက် ဖြစ်ပေါ်လာသောပိတ်စ၏ ရွဲ့စောင်းမှုကိုရှာဖွေခြင်း–အပိုင်း (၃) – ယက်ထည်နှင့် ထိုးထည်ပိတ်စများ အသုံးပြုထားသော ချုပ်ထည်များ |
| ၂၅၃။ | MMS ISO 22198:2006 အထည်အလိပ်များ– ပိတ်စများ–အနံနှင့် အလျားကိုရှာခြင်း |
| ၂၅၄။ | MMS ISO 14064–1:2018 ဖန်လုံအိမ်ဓာတ်ငွေ့များ–အပိုင်း (၁) – ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ဖယ်ရှားမှုများကို ပမာဏသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်းအတွက် အဖွဲ့အစည်းအဆင့် လမ်းညွှန်မှု ပါဝင်သော သတ်မှတ်ချက် |
| ၂၅၅။ | MMS ISO 14064–2:2019 ဖန်လုံအိမ်ဓာတ်ငွေ့–အပိုင်း (၂) – ပမာဏသတ်မှတ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းအတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်း ဆိုင်ရာ အဆင့်မြှင့်တင်မှုများအတွက် စီမံကိန်းအဆင့် လမ်းညွှန်မှုပါဝင်သော သတ်မှတ်ချက် |
| ၂၅၆။ | MMS ISO 14064–3:2019 ဖန်လုံအိမ်ဓာတ်ငွေ့များ– အပိုင်း (၃) – ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်ပြန်ချက် များကို validation နှင့် verification အတွက် လမ်းညွှန်မှုပါဝင်သော သတ်မှတ်ချက် |
| ၂၅၇။ | MMS ISO 14065:2020 သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို validating နှင့် verifying ဆိုင်ရာအဖွဲ့များအတွက် ယေဘုယျအခြေခံမူများနှင့် လိုအပ်ချက်များ |
| ၂၅၈။ | MMS ISO/IEC 17000:2020 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း – ဝေါဟာရနှင့် ယေဘုယျ သဘောတရားများ |
| ၂၅၉။ | MMS ISO/IEC 17029:2019 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း–validation နှင့် verification ဆိုင်ရာ အဖွဲ့များအတွက် ယေဘုယျအခြေခံမူများနှင့် လိုအပ်ချက်များ |

ဒေါက်တာ မျိုးသိန်းကျော်
ဥက္ကဋ္ဌ
အမျိုးသားစံချိန်စံညွှန်းကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက်)

**လုံခြုံရေးဆပ်ကော်မတီ အဖွဲ့ဝင် (၂) ဦး ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **(၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၂၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၂၂ ရှိ အပိုဒ် (၂) ပါ ဖော်ပြချက်အရ (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သည့် လုံခြုံရေးဆပ်ကော်မတီတွင် အောက်ပါအဖွဲ့ဝင် (၂) ဦးကို ယှဉ်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဗိုလ်ချုပ် စိုးတင့်နိုင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | **အစား** | ဗိုလ်ချုပ် ဇင်မင်းထက်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| ( ခ ) | ရဲမှူးချုပ် မြဝင်း<br>တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့ | **အစား** | ယာယီရဲမှူးချုပ် ကျော်သီဟ<br>တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့ |

ကိုကို

ဥက္ကဋ္ဌ

(၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာ (၃၆၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ ဒွေ့ဖုန်းယန်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (OSS/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ်-F-76၊ **မြေဧရိယာ ဝ.၁၀၃ ဧက** ရှိမြေအား **ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒွေ့ဖုန်းယန်မြို့ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၁/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်)

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ သက္ကလရဲကင်းစခန်းအား နယ်မြေရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း**

၂၀၂၂ ခုနှစ်၊ မေလ ၅ ရက် (ကြာသပတေးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်ရှိ သက္ကလရဲကင်းစခန်းအား အမှုထမ်းရာထူး (၁၈) နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အမှုထမ်းရာထူး (၂၇) နေရာ ထပ်မံတိုးချဲ့၍ အမှုထမ်းရာထူး (၄၅) နေရာပါရှိသော သက္ကလနယ်မြေရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၂/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ တွဲဖက်ထားသော အမှတ် (၂၄) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ လ ၂၃၃၄၉၈ ရဲအုပ် ဖြူဖြူသန်း အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၁၂၀ သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၃/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးချုပ် (၂) ဦးတို့အား ၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၁၉၁၈ ရဲမှူးချုပ် မြဝင်း<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ရဲရာထူးခန့်ချုပ်<br>ရဲရာထူးခန့်ဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် |
| (၂) | ရဲ ၁၈၉၉ ရဲမှူးချုပ် ဇော်ထွန်းအောင်<br>ရဲဦးစီးအရာရှိချုပ်<br>ရဲဦးစီးဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | တပ်ဖွဲ့မှူး<br>ရထားရဲတပ်ဖွဲ့ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇၄/၂၀၂၂)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲ ၁၇၂၈ ရဲမှူးကြီး သက်နိုင် အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီးသို့ ရဲဦးစီးအရာရှိချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇၅/၂၀၂၂)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး (၆) ဦးတို့အား ၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၁၇၁၆ ရဲမှူးကြီး မျိုးဆွေ<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကယားပြည်နယ်ရဲတပ်ဖွဲ့ | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မွန်ပြည်နယ်ရဲတပ်ဖွဲ့ |
| (၂) | ရဲ ၁၈၀၄ ရဲမှူးကြီး မောင်မောင်ဦး<br>ကျောင်းအုပ်ကြီး<br>အမှတ် (၄) ရဲလေ့ကျင့်ရေးကျောင်း | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကယားပြည်နယ်ရဲတပ်ဖွဲ့ |
| (၃) | ရဲ ၁၈၀၆ ရဲမှူးကြီး ဗညားဦး<br>ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး)<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ကျောင်းအုပ်ကြီး<br>အမှတ် (၄) ရဲလေ့ကျင့်ရေးကျောင်း |
| (၄) | ရဲ ၁၈၁၁ ရဲမှူးကြီး အောင်မြင့်နိုင်<br>ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ချင်းပြည်နယ်ရဲတပ်ဖွဲ့ | ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး)<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| (၅) | ရဲ ၁၈၁၂ ရဲမှူးကြီး အောင်ကိုဦး<br>ဒုတိယကွပ်ကဲရေးမှူး<br>အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ | ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| (၆) | ရဲ ၁၆၈၄ ရဲမှူးကြီး လင်းဦး<br>ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ | ဒုတိယကွပ်ကဲရေးမှူး<br>အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇၆/၂၀၂၂)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး (၆) ဦးတို့အား ၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၁၆၄၂ ရဲမှူးကြီး သူရသွင်ကိုကို<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ကျောင်းအုပ်ကြီး<br>ရဲအကြပ်အတတ်သင်ကျောင်း |

| | | |
|---|---|---|
| (၂) | ရဲ ၁၈၄၂ ရဲမှူးကြီး လင်းထွဋ်<br>ကျောင်းအုပ်ကြီး<br>ရဲအကြပ်အတတ်သင်ကျောင်း | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၃) | ရဲ ၁၈၇၆ ရဲမှူးကြီး ဉာဏ်မြင့်ကျော်<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကချင်ပြည်နယ်ရဲတပ်ဖွဲ့ | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၄) | ရဲ ၁၈၃၉ ရဲမှူးကြီး ကျော်ထွန်း<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| (၅) | ရဲ ၁၈၄၁ ရဲမှူးကြီး ကျော်ကျော်မင်း<br>ဌာနမှူး<br>စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) | တပ်ဖွဲ့မှူး<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ |
| (၆) | ရဲ ၁၆၅၅ ရဲမှူးကြီး စိုးမြင့်ဦး<br>တပ်ဖွဲ့မှူး<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | ဌာနမှူး<br>စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၇/၂၀၂၂)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အုပ်ချုပ်ရေးမှူး/ညွှန်ကြားရေးမှူး (၃) ဦးတို့အား ၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိုးမြင့် (ပ/၄၇၆၉)<br>ပူတာအိုခရိုင်<br>(ရန်ကုန်တိုင်းဒေသကြီးတွဲဖက်) | ပြည်နယ်ဒုတိယအထွေထွေ<br>အုပ်ချုပ်ရေးဦးစီးဌာန (ကျိုင်းတုံ)<br>(ရန်ကုန်တိုင်းဒေသကြီးတွဲဖက်) |
| (၂) | ဦးမြင့်သင်းအောင် (ပ/၅၄၂၉)<br>နေပြည်တော် | မြစ်ကြီးနားခရိုင် |
| (၃) | ဦးဟန်ဝင်းအောင် (ပ/၃၄၄၂)<br>မန္တလေးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၈/၂၀၂၂)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၄) ဦးတို့အား ၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစန်းဝင်း (ပ/၅၄၃၀)<br>ကယားပြည်နယ် | သာယာဝတီခရိုင် |
| (၂) | ဦးခေါင်လန်ဒီး (ပ/၃၆၀၇)<br>မြစ်ကြီးနားခရိုင် | ပူတာအိုခရိုင် |
| (၃) | ဦးသူအောင် (ပ/၇၉၁၁) | နေပြည်တော် |
| (၄) | ဦးခင်မောင်သန်း (ပ/၇၉၁၂) | မန္တလေးတိုင်းဒေသကြီး |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၂/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲ ၅၀၉၇ ယာယီရဲမှူး သန်းဇော်ဦး အား ယာယီခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှ စ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၃/၂၀၂၂)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲ ၆၆၂၅ ယာယီရဲမှူး အောင်ကျော်ဦး အား ယာယီခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ ယာယီခန့်ကာလ နောက်ထပ် (၆) လ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၄၈၅/၂၀၂၂)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ကြာကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၈၈၈/ နှုံးကနိုင်ကွင်း)၊ ဦးပိုင်အမှတ်-၂၅၊ ၂၆၊ ၂၇၊ ၂၈^က၊ ၂၉^က၊ ၃၀^က၊ ၃၂^က တို့ရှိ **မြေဧရိယာ ၂.၉၇ ဧက** အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ **ရေကြည်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ(၄၉၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၃၀ ရက်)

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် -၁၃/ မြောက်ကုန်းရပ်၊ ဦးပိုင်အမှတ်-၁၄၊ **မြေဧရိယာ ၀.၂၄၅ ဧက** ရှိမြေအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ **ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၉၅/၂၀၂၂)

ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့၊ ဝိန်းနေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၃၆/ဝိန်းနေမြောက်အကွက်၊ ဦးပိုင်အမှတ်-၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ **မြေဧရိယာ ၁.၄၄၂ ဧက** ရှိမြေအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်<br>
ပြည်ထောင်စုဝန်ကြီး<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၀၀/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက်<br>
(၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်)

ဩစတြေးလျခနသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့် အား ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သံအမတ်ကြီး ဦးသာအောင်ညွန့် အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁)/၈/သမ္မတရုံးအရ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လအစား ခွင့်လစာကို တစ်လုံးတစ်ခဲတည်းထုတ်ယူရန် တစ်ပါတည်းခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀၁/၂၀၂၂)

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးထင်လင်း အား ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သံအမတ်ကြီး ဦးထင်လင်း အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁)/၈/သမ္မတရုံးအရ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လအစား ခွင့်လစာကို တစ်လုံးတစ်ခဲတည်းထုတ်ယူရန် တစ်ပါတည်းခွင့်ပြုလိုက်သည်။

ဝဏ္ဏမောင်လွင်<br>
ပြည်ထောင်စုဝန်ကြီး<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

**အမိန့်ကြော်ငြာစာအမှတ် (၀၁၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၀/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ ပြည်ထောင်စု ဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ရီမာဦး (ရုံးအုပ်) အား ပြည်ထောင်စုဝန်ကြီးရုံး၏ လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ **၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက် (ကြာသပတေးနေ့) မှစ၍** ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက်)

### စာရင်းရှင်းလင်းနိုင်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime) ကို ပြောင်းလဲကျင့်သုံး ခဲ့သဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် တို့တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် ငွေကြေးလဲလှယ်မှု အမြတ်/အရှုံး (Unrealized Gain/Loss) နှင့် နိုင်ငံပိုင်ဘဏ် ၃ ဘဏ်တွင် ထပ်မံပေါ်ပေါက်လာနိုင်သည့် နိုင်ငံခြားငွေ လဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်လာသည့်ငွေကြေးလဲလှယ်မှုအမြတ်/အရှုံး (Unrealized Gain/ Loss) များကို စာရင်းရှင်းလင်းနိုင်ရေးလုပ်ငန်းကော်မတီ (Working Committee) ကို အောက်ပါပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်သန်းသန်းဆွေ<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ဂ) ဒေါ်နိုင်သက်ဦး အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဃ) ဦးဝင်းနိုင်ဦး အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

(င) ဒေါ်ကေသီ အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

(စ) ဒေါ်ဝင်းဝင်းမော် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

(ဆ) ဒေါ်နွယ်နွယ်ဦး အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

(ဇ) ဒေါ်ရီရီခိုင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ငွေတိုက်ဦးစီးဌာန

(ဈ) ဒေါ်သန္တာဖြူအေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ည) ဒေါ်ငြိမ်းငြိမ်းမြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဋ) ဒေါ်မိမိခိုင် အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်

(ဌ) ဒေါ်နွဲ့နွဲ့ဝင်း အတွင်းရေးမှူး
အဖွဲ့ဝင်
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

(ဍ) ဒေါ်ခင်ဥမ္မာအေး တွဲဖက်အတွင်းရေးမှူး
အထွေထွေမန်နေဂျာ
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

၂။ လုပ်ငန်းကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ထိန်းကျောင်းမှုရှိသည့် နှုန်းရှင် ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime) ပြောင်းလဲမှုကြောင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့တွင် ဖြစ်ပေါ်ခဲ့သော ငွေကြေးလဲလှယ်မှု အမြတ်/

အရှုံး ( Unrealized Gain/Loss) တို့ကို နိုင်ငံတကာစာရင်းကိုင်စံများနှင့်အညီ ရှင်းလင်းနိုင်ရေးအတွက် သင့်လျော်သည့် နည်းလမ်းရွေးချယ်တင်ပြရန်၊

( ခ ) နိုင်ငံပိုင်ဘဏ်များတွင် ထပ်မံပေါ်ပေါက်လာနိုင်သည့် ငွေကြေးလဲလှယ်မှု အမြတ်/အရှုံး (Unrealized Gain/Loss) တို့ကို နိုင်ငံတကာစာရင်းကိုင်စံများနှင့်အညီ စာရင်းရှင်းလင်းနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို အကြံပြုတင်ပြရန်၊

( ဂ ) လုပ်ငန်းကော်မတီက ဆောင်ရွက်လိုသည့် နည်းလမ်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့ပါဝင်သော အစည်းအဝေးသို့တင်ပြအတည်ပြုချက်ရယူရန်၊

(ဃ) အထက်အပိုဒ် (ဂ) ပါ အတည်ပြုချက်ရရှိပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြလမ်းညွှန်မှု ခံယူ၍ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၃၀ ရက်)

### တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦး ပြင်ဆင်ဖွဲ့စည်းခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၂ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဦးစိုးမြင့်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၁) သို့ တက်ရောက်နေပါသဖြင့် ၎င်းအစား ဦးမင်းဇော်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ်ကို အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

သန်းအောင်ကျော်
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်အမှတ် (၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်)

**ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့်အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်း သို့မဟုတ် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့်အကြောင်းအရာများကို ရေးသားထုတ်ဝေဖော်ပြခြင်းကို ပြုလုပ်လျက်ရှိသည့် ထုတ်ဝေခြင်းလုပ်ငန်းများအား လုပ်ငန်းပိတ်သိမ်းရန် အခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ပါသည်။

၂။ သို့ပါ၍ ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ "တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကိုဖော်ပြခြင်း" စည်းကမ်းချက်ကို ဖောက်ဖျက်ပြီး ပုဒ်မ ၁၇ ပါ "မည်သူမျှ ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့်ထုတ်ဝေစာကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းမပြုရ" တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် လွင်ဦးစာပေ၏ ထုတ်ဝေခြင်း လုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

၃။ ယင်းထုတ်ဝေခြင်းလုပ်ငန်းသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာ တစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် ကြေညာအပ်ပါသည်။

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၂ ရက်)

အမှတ် ၉၈။ ၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၂) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တေးဂီတဌာနခွဲတွင် ကျွမ်းကျင်သူ (လစဉ်ထောက်ပံ့ငွေ ၂၇၅,၀၀၀/-) အဖြစ် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့အထိ ခန့်အပ်ထားသည့် ဦးကြည်သန်း အား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှစ၍ ရပ်နားလိုက်သည်။

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်(ဗုဒ္ဓဟူးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၂) အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်ကထိက ရာထူးနေရာများသို့ အောက်ဖော်ပြပါ အမှုထမ်း (၅) ဦးအား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်ဇင်မာအောင်<br>နည်းပြ (ဂီတ)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဂီတပညာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | <br>လက်ထောက်ကထိက (ဂီတ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဂီတပညာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |
| ( ခ ) | ဦးအောင်ဇော်ထွေး<br>နည်းပြ (ဂီတ)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဂီတပညာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | <br>လက်ထောက်ကထိက (ဂီတ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဂီတပညာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |
| ( ဂ ) | ဒေါ်ခင်သီတာမြမြထွန်း<br>နည်းပြ (ပန်းချီ)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပန်းချီပညာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | <br>လက်ထောက်ကထိက (ပန်းချီ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပန်းချီပညာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |
| (ဃ) | ဒေါ်ရည်မွန်သန့်<br>နည်းပြ (ပန်းချီ)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပန်းချီပညာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | <br>လက်ထောက်ကထိက (ပန်းချီ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပန်းချီပညာဌာန<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| ( င ) | ဒေါ်ခင်လမင်းကျော် | |
| | နည်းပြ (ပန်းချီ) | လက်ထောက်ကထိက (ပန်းချီ) |
| | (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| | ပန်းချီပညာဌာန | ပန်းချီပညာဌာန |
| | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ |
| | တက္ကသိုလ် (ရန်ကုန်) | တက္ကသိုလ် (ရန်ကုန်) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်(ဗုဒ္ဓဟူးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၂၂) အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိရာထူးနေရာများသို့ အောက်ဖော်ပြပါအမှုထမ်း (၃) ဦးအား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်မိုးမိုးခိုင် | |
| | ဦးစီးမှူး | ဦးစီးအရာရှိ (စီမံ) |
| | (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| | ပုဂံဌာနခွဲ | စီမံ/ဘဏ္ဍာဌာနခွဲ၊ နေပြည်တော် |
| ( ခ ) | ဒေါ်ကျော့မှူးခိုင် | |
| | စာရင်းကိုင်-၁ | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| | (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| | စီမံ/ဘဏ္ဍာဌာနခွဲ၊ နေပြည်တော် | ပုဂံဌာနခွဲ |
| ( ဂ ) | ဒေါ်မို့မို့မင်းအောင် | |
| | စာရင်းကိုင်-၁ | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| | (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| | မြောက်ဦးဌာနခွဲ | မြောက်ဦးဌာနခွဲ |

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၇/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်)

### ရာထူးတိုးမြှင့်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ သရုပ်ပြ ဒေါ်ရင်ငြိမ်းအေး အား ၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၂) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိကရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ အထက်ဖော်ပြပါ အရာထမ်းအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၈/၂၀၂၂)

### ရာထူးတိုးမြှင့်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ သရုပ်ပြ (၂) ဦးတို့အား ၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၂) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌လစ်လပ်လျက်ရှိသည့်လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)အဆင့်ရှိလက်ထောက်ကထိကရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်ယဉ်မွန်ဦး | သရုပ်ပြ | လက်ထောက်ကထိက |
| (ခ) | ဒေါ်ဆုရည်မွန် | သရုပ်ပြ | လက်ထောက်ကထိက |

၂။ အထက်ဖော်ပြပါ အရာထမ်းများအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅၄/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၅/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးဦးစီးဌာနမှ

အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | လက်ရှိတာဝန်၊ ဒေသ | တိုးမြှင့်ရာထူးဖြင့် ပေးအပ်မည့်တာဝန်၊ ဒေသ |
|---|---|---|---|
| (က) | ဦးစိုင်းသန်းအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(စိုက်ပညာရှင်) | ဒုတိယတိုင်းဒေသကြီးဦးစီးမှူး<br>မန္တလေးတိုင်းဒေသကြီး | တိုင်းဒေသကြီးဦးစီးမှူး<br>ပဲခူးတိုင်းဒေသကြီး |
| ( ခ ) | ဦးသန်းလှိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(စိုက်ပညာရှင်) | ဒုတိယပြည်နယ်ဦးစီးမှူး<br>ကရင်ပြည်နယ် | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ် |

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်)

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာစီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၁) ဖြင့် **နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ** ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂။ အဆိုပါ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များအား အထောက်အကူပြုနိုင်ရန်အတွက် **နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

| | | |
|---|---|---|
| (ဂ) | ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်နှင့် သစ်တော)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | သယံဇာတရေးရာဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | သယံဇာတရေးရာဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | သယံဇာတရေးရာဝန်ကြီး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | သယံဇာတရေးရာဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | သယံဇာတရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | သယံဇာတရေးရာဝန်ကြီး<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | စစ်ဦးစီးဗိုလ်မှူးချုပ် (ရေ) (စစ်ဆင်ရေး/တာဝန်)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |

( န ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန

( ပ ) ရဲမှူးကြီး အဖွဲ့ဝင်
ရေကြောင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

( ဖ ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ဗ ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန

၃။ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီများအကြား ချိတ်ဆက်ဆောင်ရွက်ပေးရန်၊

( ခ ) ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များအားနိစ္စဓူဝဆောင်ရွက်သွားမည့်အစိုးရဌာနကြီးသတ်မှတ်ပေးရန်နှင့် အဆိုပါဌာနကြီးမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သတ်မှတ်ပြဋ္ဌာန်းပေးရန်၊

( ဂ ) ဗဟိုကော်မတီအစည်းအဝေးမကျင်းပမီ ရက်သတ္တနှစ်ပတ်ကြိုတင်၍ လုပ်ငန်းကော်မတီ၏ အစည်းအဝေးကျင်းပရန်နှင့် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအား လာမည့်ဗဟိုကော်မတီအစည်းအဝေးတွင် စနစ်တကျတင်ပြနိုင်ရေးစီစဉ်ရန်၊

(ဃ) ဗဟိုကော်မတီ၏ကိုယ်စား နိုင်ငံတကာအဖွဲ့အစည်းကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံ၍ ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ နည်းပညာနှင့် ရန်ပုံငွေများရရှိရေး ဆွေးနွေးညှိနှိုင်းရရှိချက်များအား အနီးကပ်ဆုံးဗဟိုကော်မတီအစည်းအဝေးတွင် ပြန်လည်တင်ပြရန်၊

( င ) ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များအား အထောက်အကူပြုနိုင်ရန်အတွက် ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်စပ်လျဉ်းသည့် အစိုးရဌာနများမှ ကိုယ်စားလှယ်များနှင့် အစိုးရဌာနပြင်ပမှ ပညာရှင်ကိုယ်စားလှယ်များပါဝင်သောကျွမ်းကျင်မှုအဖွဲ့အစည်း (Expert Group) များ ဖွဲ့စည်းရန်နှင့် အဆိုပါအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်၊

( စ ) မြန်မာနိုင်ငံဆိုင်ရာ အနာဂတ်အတွက် ဒီရေတောများအစီအစဉ်ဖြင့် ရေးဆွဲထားသော နိုင်ငံအဆင့် မဟာဗျူဟာနှင့် စီမံချက် (National Strategy and Action Plan) အကောင်အထည်ဖော်မှုလုပ်ငန်းများအား နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီပေးရန်။

၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၂/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

လှမောင်သိန်း
အတွင်းရေးမှူး
နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ
စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်)

### ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အမျိုးသားအဆင့်ဘူမိဥယျာဉ်(Geopark)များစနစ်တကျသတ်မှတ်တည်ထောင်သည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့်ဘူမိဥယျာဉ်များ သတ်မှတ်ရေးအား ကြီးကြပ်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီအောက်တွင် ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်နှင့် သစ်တောရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ–၁ |
| (ခ) | ဒုတိယဝန်ကြီး (သတ္တုရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ–၂ |
| (ဂ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်<br>အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်တစ်ဦးစီ | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဍ) ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန အဖွဲ့ဝင်

(ဎ) ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန အဖွဲ့ဝင်

(ဏ) ပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန အဖွဲ့ဝင်

(တ) ပါမောက္ခချုပ်၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန အဖွဲ့ဝင်

(ထ) ပါမောက္ခချုပ်၊ ဘားအံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန အဖွဲ့ဝင်

(ဒ) အထွေထွေအတွင်းရေးမှူး၊ UNESCO အမျိုးသားကော်မရှင် အဖွဲ့ဝင်

(ဓ) ဥက္ကဋ္ဌ၊ Geopark ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း အဖွဲ့ဝင်

(န) ကိုယ်စားလှယ်တစ်ဦး၊ UNESCO– မြန်မာနိုင်ငံရုံး အဖွဲ့ဝင်

(ပ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဘူမိဥယျာဉ်အား အများပြည်သူမှ သိမြင်မှု မြှင့်တင်ခြင်း၊

(ခ) အမျိုးသားအဆင့် ဘူမိဥယျာဉ်များ သတ်မှတ်ခံရရေး ဆောင်ရွက်ခြင်း၊

(ဂ) ယူနက်စကို ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်အဖြစ် အမည်စာရင်း တင်သွင်းနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) သတ်မှတ်ပြီးသည့် အမျိုးသားအဆင့် ဘူမိဥယျာဉ်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်များ သတ်မှတ်ခံရရေး ဆောင်ရွက်နေမှုအား အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) လုပ်ငန်းကော်မတီအစည်းအဝေးအား အနည်းဆုံး (၁) နှစ်လျှင် (၃) ကြိမ် ပုံမှန်ခေါ်ယူကျင်းပခြင်း၊ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊

(စ) လုပ်ငန်းကော်မတီအစည်းအဝေးရလဒ်များကို အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီသို့ တင်ပြခြင်း၊

(ဆ) လုပ်ငန်းကော်မတီအစည်းအဝေးသို့ လိုအပ်ပါက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆက်စပ်ပတ်သက်သူများအား ဖိတ်ကြားခြင်း။

၃။ ဤပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

လှမောင်သိန်း
အတွင်းရေးမှူး
အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဘဏ္ဍာရေးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ စာရင်းကိုင်-၁ ဒေါ်မြတ်မိုးအောင် အား ယင်းကော်ပိုရေးရှင်းရှိ လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

သောင်းဟန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၂၂ ခုနှစ်၊ မေလ ၃၀ ရက် )

**အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများအရ ဖွဲ့စည်းပြီးမှတ်ပုံတင်ခွင့်ပြုသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေ ၁၈ အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ထားသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ၃၁၀၂ ဖွဲ့အား ဖွဲ့စည်းပြီးဖြစ်ပါသည်။

၂။ ယခုအခါ အလုပ်သမားအဖွဲ့အစည်းများကို အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေ ၁၅ (က)နှင့် (ခ) အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်ပြုသည့် အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၉၂ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၇ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၆၂ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် အလုပ်သမားအဖွဲ့အစည်း ၂၆ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ၉ ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့နှင့် မြန်မာနိုင်ငံလုံး

ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၁ ဖွဲ့ စုစုပေါင်း ၃၁၁၉ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါသဖြင့် ပူးတွဲပါဇယားနှင့်အတူ ထည့်သွင်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာမည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ**

| စဉ် | အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းအမည် | အရေအတွက် |
|---|---|---|
| ၁ | အခြေခံအလုပ်သမားအဖွဲ့အစည်း | ၂၈၉၂ ဖွဲ့ |
| ၂ | အခြေခံအလုပ်ရှင်အဖွဲ့အစည်း | ၂၇ ဖွဲ့ |
| ၃ | မြို့နယ်အလုပ်သမားအဖွဲ့အစည်း | ၁၆၂ ဖွဲ့ |
| ၄ | မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း | ၁ ဖွဲ့ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း | ၂၆ ဖွဲ့ |
| ၆ | အလုပ်သမားအဖွဲ့ချုပ် | ၉ ဖွဲ့ |
| ၇ | အလုပ်ရှင်အဖွဲ့ချုပ် | ၁ ဖွဲ့ |
| ၈ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ | ၁ ဖွဲ့ |
| | **စုစုပေါင်း** | **၃၁၁၉ ဖွဲ့** |

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
ညွှန့်ဝင်း (အမြဲတမ်းအတွင်းဝန်)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၃/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်)

၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) အစီအစဉ် (၈-င) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒေါက်တာ နီလာကြူ အား ရန်ကုန်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်ရာထူးကိုရယူ၍ ပုသိမ်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၄/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) အစီအစဉ် (၈-င) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊

တက္ကသိုလ်အသီးသီးမှ အောက်ဖော်ပြပါ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (၂) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ တက္ကသိုလ်များတွင် ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်မှစ၍ ရာထူးတိုးမြှင့်ခန့်ထားပြီး အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်များအဖြစ် တွဲဖက်တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါက်တာ နုနုလွင် | ပါမောက္ခ<br>စီမံခန့်ခွဲမှုပညာဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် |
| ( ခ ) | ဒေါက်တာ စိုးစိုးအောင် | ပါမောက္ခ<br>ရုက္ခဗေဒဌာန<br>မန္တလေးတက္ကသိုလ် | ဒုတိယပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ် |

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်)

